**Burma Democratic Futures Working Group - BDFWG**

**University of Virginia**

# နိုဝင်ဘာလ ဖြစ်ရပ်များ အကျဉ်းချုပ်သုံးသပ်ချက်

**November 2023**

## နိဒါန်း

နိုဝင်ဘာလအတွင်း ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များနှင့် သတင်းများမှာ မြန်ဆန်ပြင်းထန်လာပါသည်။ မြောက်ပိုင်းညီနောင်(၃)ဖွဲ့၏ အောက်တိုဘာ ၂၇ ရက်နေ့က စတင်ခဲ့သော ၁၀၂၇ စစ်ဆင် ရေးသည် နိုဝင်ဘာလအတွင်း အရှိန်အဟုန်ဖြင့် ပြန့်ပွားလာခဲ့ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း၊ တရုတ်နယ်စပ်မှ သည် မန္တလေး၊ စစ်ကိုင်း၊ ကရင်နီ (ကယား)၊ ချင်း၊ ရခိုင်ပြည်နယ်တို့အထိ ကျယ်ပြန့်လာခဲ့ပါသည်။ စစ်ကောင်စီတပ်သည် လည်း စစ်မျက်နှာများ ပိုမိုကျယ်ပြန့်လာခဲ့ပြီး၊ စစ်မျက်နှာအားလုံးတွင် အဆုံးအရှုံး များနှင့်ရင်ဆိုင်နေရသည်။ ၁၀၂၇ စစ်ဆင်ရေး၏ အကျိုးဆက်အဖြစ် တနိုင်ငံလုံးအနှံ့ စစ်ရေးကျယ်ပြန့်လာ ခြင်းသည် တော်လှန်ရေးအင် အားစုများအတွင်း မျှော်လင့်ချက်များ ပိုမိုအားကောင်းလာခဲ့ပြီး၊ တော်လှန်ရေးအပေါ် ပြည်သူလူထု၏ မျှော်လင့်ချက်ရောင်ခြည်သည်လည်း ပိုမိုတောက်ပလာခဲ့ပါသည်။

စစ်ကောင်စီအစိုးရအဖွဲ့အတွင်းတွင်လည်း ၁၀၂၇ စစ်ဆင်ရေးနှင့်ဆက်စပ်ဖြစ်ပေါ်လာသောအခြေ အနေများကြောင့် စစ်ကောင်စီသည် ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး ခေါ်ယူခဲ့ရသည်။ စစ်ကောင်စီသည် အာဏာသိမ်းပြီးကတည်းက ၎င်း၏အရေးပေါ်အခြေအနေသက်တမ်းတိုးရန် အတွက်သာ ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးများကို ကျင်းပြခဲ့ပြီး၊ အခြားအခြေအနေ တရပ်ရပ်ကြောင့် ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး တကြိမ်တခါမှ မရှိခဲ့ဖူးပါ။ ၁၀၂၇ စစ်ဆင်ရေးဖြစ်ပေါ်လာမှသာ အဆိုပါအစည်းအဝေးခေါ်ယူကျင်းပခဲ့သည်ကို ထောက်ဆခြင်းအားဖြင့် စစ်ကောင်စီ ၏စိုးရိမ်မှုမြင့်မားဆိုးဝါးနေသည်မှာ ထင်ရှားလှပါသည်။

စစ်ကောင်စီသည် ပြည်တွင်းတွင် စစ်ရေးအရ ရှုံးနိမ့်မှုများနှင့် ကျယ်ပြန့်သော စစ်မျက်နှာများကို ရင်ဆိုင်နေရစဉ်တွင် ရုရှားရေတပ်နှင့် စစ်ကောင်စီရေတပ်တို့အကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပြုလုပ် ခဲ့သည်။ ထို့ပြင် ရုရှားရေတပ်ကို ဖိတ်ခေါ်ခဲ့သော စစ်ကောင်စီသည် နောက် ရက် ၂၀ ခန့်အကြာတွင် တရုတ်ရေတပ် ကိုလည်း ထပ်မံဖိတ်ခေါ်ခဲ့ရပြီး၊ ပူးတွဲစစ်ရေးလေ့ကျင့်ခဲ့ရသည်။

## အပြန့်ကျယ်လာသော စစ်ဆင်ရေးများနှင့် အကြပ်အတည်းပိုတွေ့လာနေသော စစ်ကောင်စီ

အောက်တိုဘာလ ၂၇ ရက်နေ့တွင်စတင်ခဲ့သော မြောက်ပိုင်းညီနောင်(၃)သုံးဖွဲ့ခေါ် Myanmar Democratic Alliance Army - MNDAA, Arakan Army – AA နှင့် Ta'ang National Liberation Army – TNLA တို့၏ ၁၀၂၇ စစ်ဆင်ရေးသည် အချိန် ၁ လခန့်အတွင်း စစ်ဆင်ရေးနယ်မြေ၏ ဗဟိုချက်ဖြစ်သော ရှမ်းပြည်နယ်မြောက်ပိုင်း တရုတ်နယ်စပ်တလျှောက်ရှိ မြို့များဖြစ်သည့် ပန်ဆိုင်း(ကြူကုတ်)၊ မုံးကိုး၊ ကုန်းကြမ်း၊ ချင်းရွှေဟော်၊ ကွမ်းလုံ၊ နန့်ခမ်းမြို့များကို စစ်ကောင်စီလက်လွှတ်လိုက်ရပြီး၊ မြောက်ပိုင်းညီနောင်(၃)ဖွဲ့ က အပြည့်အဝ ထိန်းချုပ်ထားလိုက်ပြီဖြစ်ပါသည်။ ထိုအနေအထားကြောင့် တရုတ်နယ်စပ်တလျှောက်တွင် စစ်ကောင်စီသည် မူဆယ်နှင့် လောက်ကိုင် (၂)မြို့လောက်သာ ထိန်းချုပ်နိုင် တော့ပြီး၊ ထိုနှစ်မြို့အနက် လောက်ကိုင်မြို့သည်လည်း ယခုအခါ မြောက်ပိုင်းညီနောင်(၃)ဖွဲ့က စတင်ခြိမ်း ခြောက်နေပြီဖြစ်ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်ထောင်စုလမ်းမကြီးတလျှောက်ရှိ မြို့နယ်များတွင် တိုက်ပွဲများ ဖြစ်ပွားနေပြီး၊ တရုတ်နှင့်မြန်မာအကြား ကုန်သွယ်ရေးလမ်းဖြစ်သော မန္တလေး-လားရှိုး-မူဆယ် လမ်းမကြီး၏ နေရာအတော်များများကို မြောက်ပိုင်းညီနောင်(၃)ဖွဲ့က ထိန်းချုပ်ထားခဲ့ပြီဖြစ်ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် နယ်နိမိတ်ထိစပ်လျှက်ရှိသော မန္တလေးတိုင်း မိုးကုတ်မြို့နယ်နှင့် အခြားသော မြို့နယ်များတွင်လည်း TNLA နှင့် PDFs များ ပူးပေါင်း၍ စစ်ကောင်စီတပ်အား တိုက်ခိုက်လျှက်ရှိပါသည်။

၁၀၂၇ စစ်ဆင်ရေးကို အသိအမှတ်ပြု ထောက်ခံကြိုဆိုကြ၍လည်းကောင်း၊ ဟန်ချက်ညီသောစစ် ဆင်ရေးများ ပြုလုပ်၍ စစ်ကောင်စီအား စစ်ရေးအရပိုမိုဖိအားပေးနိုင်ရန် အခြားသောတော်လှန်ရေးအင်အား စုများကလည်း ကြိုးစားလာကြသည်။ စစ်ကိုင်းတိုင်းတွင် People's Defense Forces- PDFsနှင့် Kachin Independent Army – KIAတို့က ခရိုင်မြို့ဖြစ်သော ကောလင်းမြို့ကို သိမ်းပိုက်လိုက်ပြီး၊ ထီးချိုင့်မြို့ ကိုလည်း သိမ်းပိုက်နိုင်ရန် ကြိုးစားလျှက်ရှိသည်။ စစ်ကိုင်းတိုင်း၊ အိန္ဒိယနယ်စပ်အနီးရှိ ခမ်းပတ်မြို့ကိုလည်း PDFs အပါအဝင် တော်လှန်ရေးအင်အားစုများက ထိန်းချုပ်ထားလိုက်နိုင်ပြီး ၊ ရွှေပြည်အေးမြို့ကို နိုဝင်ဘာလနောက်ဆုံးပတ်ကသိမ်းပိုက်နိုင်ခဲ့ပါသည်။ စစ်ကိုင်း တိုင်း နေရာအနှံ့အပြားတွင် တော်လှန်ရေးအင်အားစုများ၏ စစ်ရေးလှုပ်ရှားမှုများ ပြင်းထန်လာခဲ့ပါသည်။

ကရင်နီ(ကယား)ပြည်နယ်ရှိ တော်လှန်ရေးအင်အားစုများကလည်း ၁၀၂၇ စစ်ဆင်ရေးနှင့်ဟန်ချက်ညီ စစ်ဆင်ရေးတရပ်ဖြစ်သော ၁၁၁၁ စစ်ဆင်ရေးကို ဖော်ဆောင်လာခဲ့ပါသည်။

ပြည်နယ်မြို့တော်ဖြစ်သောလွိုင်ကော်မြို့ကိုထိန်းချုပ်နိုင်ရေးကြိုးစားနေသောကရင်နီတော်လှန်ရေး အင်အားစုများသည်လွိုင်ကော်တက္ကသိုလ်တွင်တပ်စွဲထားသောစစ်ကောင်စီတပ်များကိုတိုက်ခိုက်ချေ မှုန်းလက်နက်ချစေခဲ့ပြီးမြို့တစ်ဝက်ကိုထိမ်းချုပ်ထားပြီးဖြစ်ပါသည်။ နိုဝင်ဘာနောက်ဆုံးပတ်တွင်လွိုင်ကော်မြို့တွင်း တိုက်ပွဲများပြင်းထန်နေပါသည်။ ထို့ပြင် ထိုင်းနိုင်ငံနှင့်နယ်နမိတ်ချင်းထိစပ်နေသော ကရင်နီပြည်နယ် မယ်စဲ့မြို့နယ်အတွင်းတွင်လည်း စစ်ကောင်စီတပ်များ လုံးဝမရှိတော့ဘဲ၊ တော်လှန်ရေးအင် အားစုများက အပြည့်အဝ ထိန်းချုပ်ထားလိုက်ပြီဖြစ်ပါသည်။

ချင်းပြည်နယ်တွင်လည်း တိုက်ပွဲများဆက်တိုက်ဖြစ်ပွားနေပြီး၊ အိန္ဒိယနယ်စပ်၊ ချင်းပြည်နယ် မြောက်ပိုင်းရှိ ရိခေါဓါမြို့ကိုလည်း တော်လှန်ရေးအင်အားစုများက ထိန်းချုပ်လိုက်ပြီဖြစ်ပါသည်။ ထို့ပြင် ချင်းပြည်နယ်တောင်းပိုင်းရှိမတူပီမြို့နယ်၊ ရေဇွာမြို့နှင့်၊ လိုင်လင်းပီမြို့တို့ကိုလည်း တော်လှန်ရေးအင်အားစုများ က ထိန်းချုပ်ထားပြီးဖြစ်ပါသည်။ ပလက်ဝမြို့နယ်တွင်လည်း တော်လှန်ရေးအင်အားစုများ၏ စစ်ရေးလှုပ်ရှား မှုများ စတင်ဖြစ်ပွားလာခဲ့ပြီး၊ အထူးသဖြင့် မြောက်ပိုင်းညီနောင်(၃)ဖွဲ့ထဲမှ Arakan Army – AA က ရခိုင်ပြည်နယ်စစ်ဆင်ရေးကို စတင်လှုပ်ရှားသည့်အနေဖြင့် ပလက်ဝမြို့နယ်အတွင်း တိုက်ပွဲများဖော်ဆောင် နေပြီဖြစ်ပါသည်။

လူသားချင်းစာနာမှုအပစ်အခတ်ရပ်စဲထားသော ရခိုင်ပြည်နယ်ရှိ Arakan Army – AA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာခဲ့ပြီး၊ ၎င်း(၂)ဖွဲ့ကြား နားလည်မှုဖြင့် အပစ်အခတ် ရပ်စဲထားမှုသည်လည်း ၁၀၂၇ စစ်ဆင်ရေးနှင့်အတူ ကျိုးပျက်သွားခဲ့ပြီဖြစ်ပါသည်။ ဘူးသီးတောင်မြို့နယ်၊ ပေါက်တောမြို့ နယ်များအပါအဝင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နေရာအချို့တွင် တိုက်ပွဲများဖြစ်ပွားလာခဲ့ပါ သည်။

၁၀၂၇ စစ်ဆင်ရေးစတင်ပြီးနောက် တစတစနှင့် စစ်ရေးလှုပ်ရှားမှုများ ပိုမိုကျယ်ပြန့်လာသလို၊ စစ်ကောင်စီတပ်သည်လည်း အကျအဆုံးများစွာနှင့် ရင်ဆိုင်နေရသည်။ ဤစစ်ဆင်ရေးကာလအတွင်း စစ်ကောင်စီတပ်၏ တပ်ရင်း(၂)ရင်းသည် မြောက်ပိုင်းညီနောင်(၃)ဖွဲ့ထံ တပ်ရင်းလိုက် လက်နက်ချခဲ့သလို၊ ကရင်နီရှိ စစ်ကောင်စီတပ်သားများသည်လည်း တော်လှန်ရေးအင်အားစုများထံ လက်နက်ချခဲ့ကြသည်။ ထို့ကြောင့် စစ်ကောင်စီတပ်သည် တိုက်ခိုက်လိုစိတ်အားနည်းလာခဲ့ပြီး၊ တော်လှန်ရေးအင်အားစုများက စစ်ရေးအရ ဖိအားပေးတိုက်ခိုက်လာချိန်တွင် ကြံ့ကြံ့ခံမနေတော့ဘဲ၊ အလွယ်တကူပင် လက်နက်ချမှုများ နေရာ အတော်များများတွင် တွေ့လာနေရပါသည်။ စစ်ကောင်စီတပ်၏ တပ်သားများသည်လည်း တိုက်ခိုက် လိုစိတ် ကင်းမဲ့လာနေသည့်သဘောဖြစ်ပါသည်။

**၁၀၂၇ စစ်ဆင်ရေးကြောင့် ပေါ်ပေါက်လာသော စစ်ကောင်စီ၏ ကာကွယ်ရေးနှင့် လုံခြုံရေးအစည်း အဝေးကျင်းပ**

စစ်ကောင်စီသည် အာဏာသိမ်းယူခဲ့သည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ယနေ့အထိ (၆)လတကြိမ် အရေးပေါ်အခြေအနေသက်တမ်းတိုးရန်အတွက်သာ ခေါ်ယူခဲ့သော အမျိုးသားကာကွယ်ရေး နှင့် လုံခြုံရေးကောင်စီအစည်းအဝေးကို ၁၀၂၇ စစ်ဆင်ရေးဖြစ်ပေါ်လာပြီး၊

မြို့အချို့လက်လွှတ်ခဲ့ရသည့် အခြေအနေတွင်မှ နိုဝင်ဘာလ(၈)ရက်နေ့တွင် ကြားဖြတ်ခေါ်ယူစည်းဝေးကျင်းပခဲ့သည်။ ထို့သို့ စည်းဝေးခေါ် ယူကျင်းပခြင်းအားဖြင့် စစ်ကောင်စီ၏ စိုးရိမ်မှုကို လှစ်ပြနေသလို၊ စစ်ကောင်စီအတွက် စစ်ရေး၊ နိုင်ငံရေး ပိုမိုအကြပ်အတည်းတွေ့လာသည့် အနေအထားဖြစ်ပါသည်။

ၾင်းအစည်းအဝေးတွင် စစ်ကောင်စီ၏ ဒုတိယသမ္မတဖြစ်သူ ဦးမြင့်ဆွေကလည်း တိုင်းပြည်အစိတ် စိတ်၊ အမွှာမွှာ ပြိုကွဲသွားနိုင်ကြောင့် မှတ်ချက်ပြုခဲ့သလို၊ စစ်တပ်အား ပြည်သူလူထုက ဝိုင်းဝန်းထောက်ခံ ကြရန် ပြောဆိုခဲ့သည်။ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်အောင်လှိုင်က ၁၀၂၇ စစ်ဆင်ရေးတွင် မြောက်ပိုင်းညီနောင် (၃)ဖွဲ့အပြင် KIA, PDFs နှင့် အခြားအဖွဲ့များ ပါဝင်တိုက်ခိုက်နေသလို၊ UWSA သည်လည်း ၎င်း၏နယ်မြေဖြစ်သော နမ့်တစ်နယ်ကို ၁၀၂၇စစ်ဆင်ရေးအတွက် အသုံးချခွင့်ပေးခဲ့ကြောင်း ထုတ်ဖော်ပြော ဆိုခဲ့ပြီး၊ လိုအပ်သောလက်တုန့်ပြန်မှုများ ပြုလုပ်သွားမည်ဟု ထိုစည်းဝေးတွင် ဆွေးနွေးပြော ဆိုခဲ့ပါသည်။

တရုတ်နိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်လျှက်ရှိသော နယ်စပ်တလျှောက်တွင် တိုက်ပွဲများဖြစ်ပွားခဲ့ခြင်း ကြောင့် အထူးကန့်သတ်ထိန်းသိမ်းဆောင်ရွက်ခဲ့ရပြီး တရုတ်-မြန်မာ (၂)နိုင်ငံဆက်ဆံရေးထိခိုက်စေနိုင် ကြောင်းလည်း စည်းဝေးတွင် ပြောဆိုခဲ့သည်။ တရုတ်နိုင်ငံအတွင်းသို့ ကျည်ကျရောက်ပေါက်ကွဲမှုများ ဖြစ်ခဲ့သည်ဟုဆိုကာ နှစ်နိုင်ငံတာဝန်ရှိသူများ ဖြေရှင်းဆောင်ရွက်နေကြောင်း စည်းဝေးတွင်ထုတ်ဖော် ပြောဆိုခဲ့ပါသည်။

https://www.bbc.com/burmese/articles/c3g2x9zmngzo

https://www.rfa.org/burmese/program_2/sac-ndsc-meeting-11082023114925.html

**ကိုးကန့်ခေါင်းဆောင်ဟောင်းနှင့် မိသားစုဝင်များအား ဖမ်းဝရမ်းထုတ်ဖမ်းဆီး**

ကျားဖြန့် ခေါ် အွန်လိုင်းအခြေပြုလိမ်လည်မှုသံသဖြင့် တရုတ်အစိုးရက အလိုရှိနေသည့် ကိုးကန့်ဒေသ လောက်ကိုင်မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် လွှတ်တော်အမတ်နှင့် မိသားစုဝင်များကို စစ်ကောင်စီဘက်ကလည်း နိုဝင်ဘာ ၁၅ ရက်နေ့တွင် ထပ်ဆင့်ဖမ်းဝရမ်းထုတ်ခဲ့သည်။

တရုတ်နှင့် စစ်ကောင်စီ နှစ်ဖက်စလုံးက အလိုရှိနေကြသူများမှာ ၂၀၁၀-၂၀၁၅ ပြည်နယ်လွှတ်တော် (လောက်ကိုင် – ၂) အမတ် ဦးမြဲရှောက်ချန်း (၆၉ နှစ်)၊ သားဖြစ်သူ ကိုးကန့်ပြည်သူ့စစ်ခေါင်းဆောင် ဦးမြဲကော်ဖျင် (၄၂ နှစ်)၊ သမီးဖြစ်သူ မြဲကျူးလန့် (၄၂ နှစ်)၊ မြေးဖြစ်သူ မြဲကျိန်ကျိန် (၂၇ နှစ်) တို့ ဖြစ်ကြသည်။ ၎င်းတို့လေးဦးသည် ကိုးကန့်ဒေသအတွင်း ဖြစ်ပွားခဲ့သည့် အွန်လိုင်းလိမ်လည်မှုများ၊ လူကို သွေးဆောင် ဆွဲခေါ်မှုများ၊ လူပြန်ပေးမှုများ၊ တရားမဝင်ချုပ်နှောင်မှုများ၊ ခြောက်လှန့် တောင်းယူမှုများကို ဂိုဏ်းဖွဲ့ကျူး လွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်းနှင့် အားပေးကူညီခြင်းတို့ ကျူးလွန်ခဲ့သည်ဟု စစ်ကောင်စီဘက် စွပ်စွဲခဲ့သည်။

တရုတ်အစိုးရ အလိုရှိနေသော ထိုကိုးကန့်ဒေသလုပ်ငန်းရှင်၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ လွှတ်တော် ကိုယ်စားလှယ်ဟောင်း မြဲရှောက်ချန်း၊ သားဖြစ်သူ မြဲကော်ဖျင်းနဲ့ မြေးဖြစ်သူ မြဲကျိန်းကျိန်းတို့ကို လောက်ကိုင်မြို့ ၌ နိုဝင်ဘာလ ၁၆ ရက်နေ့က စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးချိန်တွင်း မြဲရှောက်ချန်း သည် သူ့ကိုယ်သူ ပစ်ခတ်ခဲ့ကြောင်းလည်း စစ်ကောင်စီက ကြေညာခဲ့သည်။ မြဲကော်ဖျင်းနှင့် မြဲကျိန်းကျိန်း တို့နှစ်ဦးကို မြန်မာ- တရုတ်နယ်စပ် ရန်လုံကျိုင်း နယ်စပ်ဂိတ်မှတဆင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရဲတပ်ဖွဲ့ထံ လွှဲပြောင်းပေးခဲ့ကြောင်း စစ်ကောင်စီ၏ ကြေညာချက်တွင် တွေ့ရသည်။

တရုတ်အစိုးရသည် ကိုးကန့်ဒေသအခြေစိုက်၍ အွန်လိုင်းငွေလိမ်မှုများကျူးလွန်နေမှုများတွင် ဒေသခံအာဏာပိုင်များပါဝင်ပတ်သက်နေပြီး၊ ၎င်းလုပ်ငန်းများကို အကာအကွယ်ပေးထားကြောင်း သံသယရှိ ထားခဲ့သည်။ တရုတ်နိုင်ငံသည် အွန်လိုင်းငွေလိမ်မှုများကြောင့် ယွန်ငွေ ဘီလီယံ ၄၀ နီးပါး ဆုံးရှုံးခဲ့ရပြီး၊ အဆိုပါ လုပ်ငန်းများကို တိုက်ဖျက်ရန် စစ်ကောင်စီအား ဖိအားပေးလာခဲ့သည်မှာ ၂၀၂၂ ကတည်းက ဖြစ်ပါ သည်။ သို့သော် စစ်ကောင်စီက ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်မှုမရှိခဲ့သဖြင့် ပိုမိုဆိုးရွားလာခဲ့ ပါသည်။ မြောက်ပိုင်းညီနောင် (၃)ဖွဲ့၏ ၁၀၂၇ စစ်ဆင်ရေးရည်မှန်းချက်ထဲတွင် အွန်လိုင်းငွေလိမ်လုပ်ငန်းများ

ကို တိုက်ဖျက်ရန်လည်း တခုအပါအဝင်ဖြစ်ရာ၊ ၁၀၂၇ စစ်ဆင်ရေးတွင် တရုတ်နိုင်ငံ၏ ပါဝင်ပတ်သက် မှုရှိနိုင်သည်ဆိုသော သုံးသပ်ချက်များလည်း ရှိနေပါသည်။

https://burma.irrawaddy.com/news/2023/11/15/376423.html

https://www.tachileik.net/mm/news/34314

https://www.rfa.org/burmese/program_2/junta-arrested-kokang-11162023063332.html

## ရုရှားနှင့် တရုတ်ရေတပ်တို့ မြန်မာနိုင်ငံရောက်လာ၍ မြန်မာစစ်ကောင်စီရေတပ်နှင့် စစ်ရေးလေ့ကျင့်ခဲ့ကြ

ရုရှားရေတပ်၊ ပစိဖိတ်ရေယာဉ်အုပ်စုနှင့် မြန်မာရေတပ်တို့ ပါဝင်သော မြန်မာ-ရုရှား ပထမဆုံးအကြိမ်ပူးတွဲ စစ်ရေးလေ့ကျင့်မှုကို နိုဝင်ဘာ ၇ရက်မှ ၉ ရက်အထိ ကပ္ပလီပင်လယ်ပြင်၌ ကျင်းပပြုလုပ်ခဲ့သည်။ ဝေဟင်နှင့် ရေပြင်အန္တရာယ် ကာကွယ်ရေးနှင့် ရေကြောင်းလုံခြုံရေးအစီအမံများကို ပုံဖော်တဲ့ စစ်ရေးလေ့ကျင့်မှုများအတွက် နှစ်နိုင်ငံ သင်္ဘောနှင့် လေယာဉ်များ ပါဝင်ခဲ့သည်။

ထိုသို့ ရုရှားရေတပ်နှင့်ရေကြောင်းလုံခြုံရေးစစ်ရေးလေ့ကျင့်မှုပြီးနောက် တလမပြည့်မီတွင် တရုတ်ရေတပ်သည်လည်း မြန်မာရေတပ်နှင့် စစ်ရေးလေ့ကျင့်ရန် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ တရုတ်စစ်သင်္ဘော (၃)စင်း နိုဝင်ဘာလ ၂၇ရက်နေ့တွင် ရောက်ရှိခဲ့သည်။

တရုတ်စစ်သင်္ဘောများရောက်ရှိလာခဲ့မှုနှင့်ပတ်သက်၍“မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဟာ မနေ့က ကျွန်တော် ပြောခဲ့သလို မဟာဗျူဟာ မိတ်ဖက်နိုင်ငံတွေ ဖြစ်ပါတယ်။ ဆွေမျိုးပေါက်ဖော်နိုင်ငံများ ဖြစ်ပါတယ်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူကြီးငါးရပ်ကို လေးစားလိုက်နာပြီး နှစ်နိုင်ငံ အစိုးရနဲ့ တပ်မတော် နှစ်ရပ်အကြားမှာ ခိုင်မာတဲ့ ချစ်ကြည်ရင်းနှီးမှုရှိတဲ့ နိုင်ငံတွေဖြစ်ကြောင်း ပြောကြားလိုပါတယ်” စစ်ကောင်စီ ပြောခွင့်ရသူ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောခဲ့သည်။

ရှမ်းပြည်မြောက်ပိုင်း တရုတ်-မြန်မာနယ်စပ်က တိုက်ပွဲများနှင့်ပတ်သက်၍ စစ်ကောင်စီနှင့် တရုတ်အစိုးရကြား ဆက်ဆံရေး တင်းမာနေကြောင်း သတင်းများ ထွက်လာချိန်တွင် တရုတ်စစ်သင်္ဘောများ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းဖြစ်ပါသည်။

https://burmese.voanews.com/a/russia-myanmar-navy-joint-military-exercise-begins/7345105.html

https://www.rfa.org/burmese/program_2/china-military-ship-11272023234731.html

စစ်ရေးပဋိပက္ခများ

နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ရေးပဋိပက္ခများ ပိုမိုဖြစ်ပွားလာခဲ့သည်။ အထူး သဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြောက်ပိုင်းညီနောင်(၃)ဖွဲ့၏ ၁၀၂၇ စစ်ဆင်ရေးစတင်ပြီးနောက် အခြား တော်လှန်ရေးအင်အားစုများသည်လည်း ဟန်ချက်ညီစစ်ဆင်ရေးများ၊ ဆက်စပ်စစ်ဆင်ရေးများ တပြိုက်နက် လုပ်လာခဲ့ကြသည့်အတွက် ကရင်နီ(ကယား)၊ စစ်ကိုင်း၊ ချင်း၊ ရခိုင်၊ မန္တလေး၊ မကွေး၊ ကချင်၊ ကရင်ပြည်နယ် တို့တွင် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားလာခဲ့သည်။

စစ်ကိုင်းတိုင်း၊ ကောလင်းမြို့၊ ခမ်းပတ်မြို့၊ ရွှေပြည်အေးမြို့၊ ချင်းပြည်နယ်၊ ရိခေါ်ဒါရ်မြို့၊ လိုင်လင်းပီမြို့၊ ရေဇွာမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း နန့်ခမ်း၊ ပန်ဆိုင်း(ကျူကုတ်)၊ မုံးကိုး၊ ချင်းရွှေဟော်၊ ကွမ်းလုံ၊ ကုန်းကြမ်း စသော မြို့များသည်လည်း တော်လှန်ရေးအင်အားစုများ၏ ထိန်းချုပ်မှုအောက် ရောက်သွားခဲ့သည်။

**Data of Myanmar Conflict October 2023 Total**

| States | Clashes between SAC and PDF/EAOs | SAC's soldiers killed | PDF killed | Children killed | Civilians killed | Civilians arrested | Villages set on fire | Houses burned down |
|---|---|---|---|---|---|---|---|---|
| AYEYARWADDY | | | | | | 20 | | |
| BAGO | 18 | 91 | 4 | 1 | 13 | 12 | | 42 |
| CHIN | 9 | 13 | | | 17 | | | |
| KACHIN | 8 | 1 | | | 3 | | | |
| KAYAH (Karenni) | 7 | 20 | | | 23 | | | |
| KAYIN | 6 | 18 | 2 | 1 | 1 | | | |
| MAGWAY | 10 | 63 | 29 | | 17 | 90 | | 40 |
| MANDALAY | 16 | 113 | | 2 | 43 | 35 | 2 | 30 |
| MON | 5 | 27 | | 2 | 6 | 3 | | 43 |
| RAKHINE | 13 | 43 | 6 | 3 | 14 | 79 | | |
| SAGAING | 80 | 372 | 28 | 3 | 40 | 84 | 2 | 183 |
| SHAN (North) | 35 | 8 | | 6 | 33 | 18 | | 2 |
| SHAN (South) | 3 | | | | 7 | | | |
| TANINTHARYI | 11 | 48 | 3 | 1 | 5 | 1 | | |
| YANGON | 4 | 2 | | | | | | |
| TOTAL | 225 | 819 | 72 | 19 | 222 | 342 | 4 | 340 |

## လူ့အခွင့်အရေးချိုးဖောက်မှုများ

စစ်ကောင်စီသည် စစ်ရေးအားဖြင့် နိုင်ငံအနှံ့ ရင်ဆိုင်တိုက်ခိုက်နေရချိန်၊ အကျအရှုံးများ၊ လက်နက်ချ အညံ့ခံမှုများနှင့်ရင်ဆိုင်နေရချိန်တွင် ပြည်သူလူထုအား ဖိနှိပ်ညှဉ်းဆဲမှုများ၊ ဖမ်းဆီးသတ်ဖြတ်မှုများနှင့် လူ့အခွင့်အရေးဖောက်ဖျက်ကျူးလွန်မှုများကို ပိုမိုပြုလုပ်လာပါသည်။ အရပ်သားပြည်သူလူထုများနေထိုင် ရာကျေးရွာများပေါ်သို့ လေကြောင်းမှ ဗုံးကျဲတိုက်ခိုက်မှုများလည်း ပိုမိုကျူးလွန်လာခဲ့ပါသည်။ နိုဝင်ဘာလ ၂၁ ရက်နေ့ တရက်တည်းတွင် စစ်တွေမြို့၌ ဘုန်းကြီးတပါးအပါဝင် အရပ်သားပြည်သူ ၂၅ ဦး၊ မကွေးတိုင်း ရေစကြိုမြို့နယ်၌ (၆၀)ဦး၊ စသဖြင့် ဖမ်းဆီးခဲ့သည်။ ချင်းပြည်နယ်၊ လိုင်လင်းပီမြို့အား စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၄ ဦးလည်း သေဆုံးခဲ့ရသလို၊ စစ်ကိုင်းတိုင်း၊ ဆားလင်းကြီး မြို့နယ်၌လည်း အရပ်သား(၄)ဦးအား စစ်ကောင်စီတပ်က ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။

| Data of Myanmar Conflict October 2023 Total | | | | | | | | |
|---|---|---|---|---|---|---|---|---|
| States | Clashes between SAC and PDF/EAOs | SAC's soldiers killed | PDF killed | Children killed | Civilians killed | Civilians arrested | Villages set on fire | Houses burned down |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **AYEYARWADDY** | | | | | | 20 | | |
| **BAGO** | 18 | 91 | 4 | 1 | 13 | 12 | | 42 |
| **CHIN** | 9 | 13 | | | 17 | | | |
| **KACHIN** | 8 | 1 | | | 3 | | | |
| **KAYAH (Karenni)** | 7 | 20 | | | 23 | | | |
| **KAYIN** | 6 | 18 | 2 | 1 | 1 | | | |
| **MAGWAY** | 10 | 63 | 29 | | 17 | 90 | | 40 |
| **MANDALAY** | 16 | 113 | | 2 | 43 | 35 | 2 | 30 |
| **MON** | 5 | 27 | | 2 | 6 | 3 | | 43 |
| **RAKHINE** | 13 | 43 | 6 | 3 | 14 | 79 | | |
| **SAGAING** | 80 | 372 | 28 | 3 | 40 | 84 | 2 | 183 |
| **SHAN (North)** | 35 | 8 | | 6 | 33 | 18 | | 2 |
| **SHAN (South)** | 3 | | | | 7 | | | |
| **TANINTHARYI** | 11 | 48 | 3 | 1 | 5 | 1 | | |
| **YANGON** | 4 | 2 | | | | | | |
| **TOTAL** | 225 | 819 | 72 | 19 | 222 | 342 | 4 | 340 |